# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး
# စတုတ္တနေ့ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များအပေါ်
# ကော်မရှင်မှ ပြန်လည်ရှင်းလင်းတင်ပြချက်များ

**၂၈-၅- ၂၀၁၈**

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော် နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များခင်ဗျား၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး စတုတ္တနေ့က လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များအပေါ် ကျွန်တော် ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြမှ ပြန်လည် ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်-

၁။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာရဲ့ ဆွေးနွေးချက်မှာပါရှိတဲ့ ကျောက်တန်း သီလဝါ ရွာဟောင်းမှာ ဖြစ်ပေါ်နေတဲ့ မြေယာအငြင်းပွားမှုနဲ့ ပတ်သက်ပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ သဲမှုတ်တင်ခြင်းလုပ်ငန်းကို မေလ၊ ဒုတိယအပတ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနဲ့ ကျူးကျော် နေထိုင်သူများအား တရားဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးအကူအညီရရှိရေး ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ထံမှ ခွင့်ပြုချက် ရရှိပြီးဖြစ်ကြောင်း ကော်မရှင်ရဲ့ သဘောထားမှတ်ချက်ကို တင်ပြတောင်းခံလာရာ ကော်မရှင်အနေနဲ့ ထိုကဲ့သို့ ရှင်းလင်းဖယ်ရှားရာတွင် ပြည်သူများရဲ့ အခြေခံလူ့အခွင့်အရေးများ ထိခိုက်မှု မရှိစေရေး အလေးထားဆောင်ရွက်ပေးပါရန် ပြန်ကြားခဲ့ပါတယ်။ ဒါပေမယ့် အမှန်တကယ် ရှင်းလင်းချိန်မှာ ထိခိုက်မှုများဖြစ်ပွားခဲ့တဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရကို အလားတူမဖြစ်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန် မေတ္တာရပ်ခံသွားမှာဖြစ်ပါတယ်။

၂။ ဒေါ်သန္တာရဲ့ ဆွေးနွေးချက်အရပဲ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ တိုင်တန်းချက်တွေထဲမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ပတ်သက်ပြီး တိုင်တန်းချက်များဟာ မြေယာအငြင်းပွားမှုအပြီး ဒုတိယ သို့မဟုတ် တတိယနေရာမှာ နှစ်စဉ် တွေ့ရှိနေရဆဲ ဖြစ်တယ်ဆိုတာနဲ့ပတ်သက်ပြီး လူ့အခွင့်အရေး ဆိုင်ရာ အလုပ်ရုံသင်တန်းများကို ၂၀၁၆ ခုနှစ်က ၇ ကြိမ်၊ ၂၀၁၇ ခုနှစ်က ၃ ကြိမ်၊ စုစုပေါင်း ၁၀ ကြိမ် ပြုလုပ်ခဲ့ပြီး ဖြစ်တဲ့အတွက် ၂၀၁၈ ခုနှစ်ထဲမှာ အလုပ်ရုံသင်တန်းသာမက ရဲတပ်ဖွဲ့ သင်တန်း ကျောင်းများမှာ လူ့အခွင့်အရေးဆိုင်ရာသင်တန်းများ သွားရောက်ပို့ချနိုင်ရေး ပြည်ထဲရေး ဝန်ကြီး ဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နဲ့ ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါတယ်။

၃။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ရဲ့ ဆွေးနွေးချက်အရ ကျွန်တော်တို့ ကော်မရှင် အနေနဲ့ လူတစ်ဦးချင်းစီရဲ့ လူ့အခွင့်အရေးများကို လက်လှမ်းမီသိရှိသလောက် စွမ်းအားရှိသရွေ့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေတဲ့ တချိန်တည်းမှာဘဲ လူအများစုရဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုများ ကိုလည်း လျစ်လျူရှုမထားဘဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ တင်ပြရရင် ရခိုင်ပြည်နယ် က လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ၂၀၁၇ ခုအတွင်းမှာ တိုင်တန်းချက် မရှိသော်လည်းဘဲ အဲဒီဒေသ ကို ၃ ကြိမ် သွားရောက်ပြီး ဒေသခံ တိုင်းရင်းသားများဖြစ်တဲ့ မြို၊ ခမီ၊ ဒိုင်းနက်၊ ရခိုင်

များအပြင် ဟိန္ဒူဘာသာဝင်၊ဘင်္ဂါလီများရဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ဖော်ထုတ် တင်ပြခဲ့ပါတယ်။

၄။ အလားတူ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ကိုသွားရောက်ပြီး အကျဉ်းထောင်နဲ့ အချုပ်ခန်းများကို သွားရောက်စစ်ဆေးခြင်း၊ ရှမ်းပြည်မြောက်ပိုင်းဒေသက လားရှိုး၊ သီပေါမြို့နယ်များကို သွားရောက်ပြီး အကျဉ်းထောင်နဲ့ အချုပ်ခန်းများကို စစ်ဆေးကြည့်ရှုရင်း ဘိုးဘွားရိပ်သာများနှင့် ပရဟိတဂေဟာများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ အကျဉ်းထောင်တွင်းမှာ ဖမ်းဆီးအရေးယူခံနေရတဲ့ ဘာသာရေးဆရာများ၊ သတင်းစာဆရာများကို တွေ့ဆုံဆွေးနွေးပြီး လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို အတတ်နိုင်ဆုံးကုစား ဆောင်ရွက်ပေးခဲ့ ပါတယ်။ ယခု ၂၀၁၈ ခုနှစ်အတွင်းမှာလည်း ပူတာအိုမြို့နယ်ရှိ ဒုတ္ထန်နဲ့ လုံးစွပ် ရပ်ကွက်များမှာရှိတဲ့ စစ်ဘေးရှောင်စခန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများကို လိုအပ်တဲ့အကြံပြုချက်များ ပေးပို့ခဲ့ပါတယ်။

၅။ ထို့ပြင် ကရင်ပြည်နယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ မြေယာအငြင်းပွားမှုများနဲ့ ပတ်သက်ပြီး ကွင်းဆင်းစစ်ဆေးကာ ဒေသခံတောင်သူများ ထိခိုက်နစ်နာမှုမရှိ စေရေးအတွက် အဆင့်မြင့်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်သင့်ကြောင်း စတဲ့အကြံပြုချက်များကို နိုင်ငံတော်သမ္မတ ဦးစီးရုံးနဲ့ ကရင်ပြည်နယ်အစိုးရတို့ထံသို့ ပေးပို့ခဲ့ပါတယ်။ ယခုနှစ်မှာလည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ ဖြစ်ပွားနေတဲ့ စစ်ပွဲဖြစ်ရာဒေသများမှာ အိုးအိမ် လယ်ယာပိုင်ဆိုင်မှုများ စွန့်ပစ်ပြီး စစ်ရှောင်နေကြရတဲ့သူများနဲ့ ပညာသင်ခွင့် ဆုံးရှုံးနေတဲ့ သူတို့ရဲ့ သားသမီးများ၊ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးနေကြတဲ့ လူငယ်များအတွက် သက်ဆိုင်ရာဒေသများကို သွားရောက်လေ့လာပြီး လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်က ကူညီ ဆောင်ရွက်ပေးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

၆။ ဦးရဲထွဋ်ရဲ့ ဆွေးနွေးချက်မှာပါရှိတဲ့ မေလ ၁၂ ရက်နေ့က တာမွေမြို့နယ်မှာ ငြိမ်းချမ်းရေးဆန္ဒထုတ်ဖော်သူများနဲ့ သတင်းမီဒီယာများကို အရပ်ဝတ်ဖြင့် လူတစ်ချို့က ခဲဖြင့်ပေါက်ခြင်း၊ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများနဲ့ပတ်သက်လို့ မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီက တိုင်ကြားချက် ရရှိထားတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့ထံသို့ ညှိနှိုင်း အကြောင်းကြားပြီးဖြစ်ပါတယ်။ ဆန္ဒပြမှုကြောင့် အရေးယူခြင်း ခံခဲ့ကြရတဲ့သူများက ကျွန်တော်တို့ ကော်မရှင်ကို ဓာတ်ပုံ၊ စာရွက်စာတမ်း အထောက်အထားများဖြင့် ဂဃနဏ တိုင်ကြားမယ်လို့ နှုတ်နဲ့ ပြောကြားခဲ့သော်လည်း ယခုအချိန်ထိ ရောက်ရှိလာခြင်း မရှိသေးပါဘူး။ သို့ပေမယ့် အမြန်ဆုံး လေ့လာဆောင်ရွက် သွား မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

၇။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချိုရဲ့ တင်ပြ ဆွေးနွေးချက်များကို အထူးကျေးဇူးတင်စွာဖြင့် ကြိုဆိုပါကြောင်း တင်ပြလိုပါတယ်။ ဦးပြုံးချိုရဲ့ ဆွေးနွေးချက်ထဲမှာပါရှိတဲ့ ဝန်ထမ်းတွေတိုးချဲ့ ဖွဲ့စည်းတဲ့နေရာမှာ လူ့အခွင့်အရေးမြှင့်တင်မှု၊ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် တကယ့်လူ့အခွင့်အရေး နယ်ပယ်မှာ ကျွမ်းကျင်တဲ့သူတွေဖြစ်သင့်တယ်ဆိုတဲ့ အချက်ကိုလည်း ထောက်ခံပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း ကော်မရှင်ရုံးဝန်ထမ်းတွေ တိုးချဲ့ခန့်ထားတဲ့နေရာမှာ ကော်မရှင်လုပ်ငန်းနဲ့ ကိုက်ညီတဲ့ အရည်အချင်းတွေ ဖော်ပြ

ပြီး နိုင်ငံပိုင်သတင်းစာများ၊ ကော်မရှင်ရဲ့ website နဲ့ Facebook စာမျက်နှာများမှာ ကြော်ငြာကာ၊ ဝန်ထမ်း ရွေးချယ်စိစစ်ရေးအဖွဲ့ စနစ်တကျဖွဲ့စည်းပြီး ရေးဖြေ၊ နှုတ်ဖြေ၊ လူတွေ့စစ်ဆေးခြင်း များ အပြင် စိတ်ပညာစစ်ဆေးမှုကိုပါ စနစ်တကျစစ်ဆေးဆောင်ရွက်ပြီးမှ ခန့်အပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ကော်မရှင်ဝန်ထမ်းဖြစ်ပြီးတဲ့အခါမှာလည်း ဌာနတွင်း လူ့အခွင့်အရေးအသိပညာ တိုးတက်ဖွံ့ဖြိုးရေး သင်တန်းများ ပို့ချပေးတဲ့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့က ဖွင့်လှစ်တဲ့ လူ့အခွင့်အရေးဆိုင်ရာသင်တန်းများကိုလည်း စေလွှတ်ပေးခြင်းဖြင့် လူ့အခွင့်အရေးအသိပညာများ တိုးတက်လာစေရေးအစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါတယ်။

၈။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းရဲ့ ဆွေးနွေးချက်များမှာ ပါရှိတဲ့ ကျောက်ထုတ်အလုပ်စခန်းများနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် အကျဉ်းဦးစီးဌာနမှာ အမျိုးသမီး ကျောက်ထုတ်စခန်း ၂ ခု၊ အမျိုးသား ကျောက်ထုတ်စခန်း ၁၈ ခု၊ စုစုပေါင်း ကျောက်ထုတ်လုပ်စခန်း ၂၀ ခုရှိတဲ့အနက် အမျိုးသမီး ကျောက်ထုတ်စခန်း ၂ ခုနှင့် အမျိုးသားကျောက်ထုတ်စခန်း ၁၃ ခု တို့ကို ကော်မရှင်မှသွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေအရ လိုအပ်တဲ့ အကြံပြုချက်များကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနကို ပေးပို့ခဲ့ရာမှာ ဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့ ပြုပြင်ပြင်ဆင်မှုများ ပြုလုပ်ပြီးကြောင်း အမြဲပြန်ကြားခဲ့ပါတယ်။ အင်းဖြောင် ကျောက်ထုတ်စခန်းမှာ ကျောက်ခဲ ထိမှန်ဒဏ်ရာရရှိခဲ့တဲ့ အကျဉ်းသားနှစ်ဦးကို ထိရောက်တဲ့ ကျန်းမာရေးကုသမှု မပြုကြောင်း တိုင်ကြားမှု ရှိလာတဲ့အတွက် ကော်မရှင်က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်တဲ့ အရေးယူမှုများဆောင်ရွက်နိုင်ဖို့ အကြံပြုခဲ့ပါတယ်။ အကျဉ်းဦးစီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာန တို့ကလည်း တာဝန်ရှိတဲ့ အကျဉ်းစခန်းတာဝန်ခံအရာရှိကို အရေးယူမှုများဆောင်ရွက်ခဲ့ ပြီးကြောင်းနဲ့ ဒဏ်ရာရရှိတဲ့ အကျဉ်းသားများကို မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ကုသပြီးဖြစ်ကြောင်း ပြန်ကြားခဲ့ပါတယ်။

၉။ ကျောက်ထုတ်အလုပ်စခန်းများ ပယ်ဖျက်ပိတ်သိမ်းရေးနဲ့ပတ်သက်လို့ ကနဦးအနေနဲ့ အမျိုးသမီး ကျောက်ထုတ်စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကော်မရှင်ရဲ့ ၂၀၁၇ ခုနှစ် အစီရင်ခံစာ၊ စာမျက်နှာ ၈၀၊ စာပိုဒ်အမှတ်စဉ် ၁၂၉ မှာ ဖော်ပြအကြံပြုထားပြီးဖြစ်ပါတယ်။ အမျိုးသား ကျောက်ထုတ်စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ အရပ်ရပ်ပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရပါတယ်။

၁၀။ ဒေါက်တာခွန်ဝင်းသောင်းရဲ့ ဆွေးနွေးချက်မှာပါရှိတဲ့ အကျဉ်းထောင်အတွင်းမှာ အကျဉ်းသား၊ အကျဉ်းသူများ ထောင်တွင်းလူ့အခွင့်အရေး ချိုးဖောက်ခံ ရမှုရှိနေဆဲနဲ့ ပတ်သက်လို့ တိုင်ကြားမှုများရှိတိုင်း ကျွန်တော်တို့ချက်ချင်းကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို အကြံပြုမှုများပြုလုပ်ခဲ့ ပါတယ်။ ဥပမာအားဖြင့် တင်ပြရလျှင် ၂၀၁၇ ခုနှစ်ထဲမှာ မြင်းခြံ၊ သာယာဝတီ ဟင်္သာတစတဲ့ အကျဉ်းထောင်များ၊ အင်းဖြောင်၊ ကိုးပင်သာစသည်စတဲ့ အကျဉ်းစခန်းများနဲ့ ပတ်သက်ပြီး တိုင်ကြားမှုများရှိတာကို ချက်ချင်းဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီးများ အနေနဲ့ မိမိတို့ကိုယ်စားပြုရတဲ့ နယ်ပယ်ဒေသက အကျဉ်းထောင်များ၊ အကျဉ်းစခန်းများမှာ လူ့အခွင့် ၏အရေး ထိခိုက်နစ်နာမှုများရှိတယ်လို့ သိရှိတဲ့အခါတိုင်း ကျွန်တော်တို့ ကော်မရှင်ကို

အားမနာတမ်း အကြောင်းကြား အသိပေးခြင်းဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းကို ဝိုင်းဝန်းကူညီပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

၁၁။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ရဲ့ဆွေးနွေးချက်များမှာ ပါရှိတဲ့ လူ့အခွင့်အရေး မြှင့်တင်ရေးနဲ့ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထိထိရောက်ရောက် ဖြစ်စေရေးအတွက် လူမှုရေးအသင်းအဖွဲ့များ (CSOs) များနဲ့ပူးပေါင်းဆောင်ရွက်ဖို့ အကြံပြုချက်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကော်မရှင်ဟာ လူ့အခွင့်အရေး အသိပညာပေးရေး လုပ်ငန်းများကို အရပ်ဘက်လူမှုအဖွဲ့ အစည်းများဖြစ်တဲ့ NGOs Child Rights Working Group (NCRWG) နဲ့ သူရိယအလင်း (SONEE) တို့နဲ့ပူးပေါင်းပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်တန်းများကို ၂၀၁၇ ခုနှစ်အတွင်းမှာ ဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံစာ၊ စာမျက် နှာ ၄၊ စာပိုဒ် အမှတ်စဉ် ၉ မှာ ဖော်ပြထားပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာလည်း အဆိုပါအဖွဲ့အစည်းများအပြင် အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါတယ်။

၁၂။ ကျွန်တော်တို့နိုင်ငံကို လူ့အခွင့်အရေးချိုးဖောက်တယ်လို့ နိုင်ငံတကာက စွပ်စွဲပြောဆိုမှုများနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကော်မရှင်ဟာ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF)၊ ဒေသအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) နဲ့ နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRI) တို့မှာ အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိပြီး ၎င်းတို့ကျင်းပတဲ့ အမျိုးသားအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတကာအဆင့် အစည်းအဝေးများကိုတက်ရောက်ပြီး အစဉ်အမြဲရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါတယ်။

၁၃။ လူ့အခွင့်အရေးချိုးဖောက်တယ်လို့ စွပ်စွဲခံနေရတဲ့ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်ရဲ့ ဆွေးနွေးချက်ကို ပြန်လည်ဆွေးနွေးတုန်းက အထက်မှာတင်ပြခဲ့ပြီးဖြစ်ပါကြောင်းတင်ပြလိုပါတယ်။

၁၄။ ဦးထွန်းမြင့်ရဲ့ဆွေးနွေးချက်မှာပါရှိတဲ့ ပြင်ပ ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ ထိခိုက်နစ်နာမှုတွေ ရှိနေသော်လည်းဘဲ ကော်မရှင်ကို တိုင်တန်းတဲ့ တိုင်တန်းစာစောင်ရေ လျော့နည်းသွားတာနဲ့ပတ်သက်လို့ တိုင်တန်း နိုင်ပါသည်ဆိုတဲ့ ကြေညာချက်ကို မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား၊ Skynet ရုပ်သံ လိုင်း၊ Forever Group ရုပ်သံလိုင်းများမှာ အခါအားလျော်စွာ ထုတ်ပြန် ကြေငြာခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုကြော်ငြာတဲ့နေရာမှာ ကလေးသူငယ် အခွင့်အရေးနဲ့ပတ်သက်ပြီး ဖောက်ဖျက်ကျူးလွန်မှုများ တွေ့မြင်ခဲ့ရင် တွေ့မြင်သူ တိုင်းက တိုင်ကြားနိုင်ပါကြောင်းကိုလည်း ထည့်သွင်းဖော်ပြခဲ့ပါတယ်။ ယခု ၂၀၁၈ ခုနှစ်မှာလည်း ထပ်မံပြီး အသိပေးကြော်ငြာနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ကမ်း စာစောင်များအပြင် နံရံကပ်ပိုစတာ များကိုပါ ရိုက်နှိပ်ပြီးဖြစ်တဲ့အတွက် မကြာမီမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှတဆင့် အကူအညီတောင်းခံပြီး ကျေးလက်ဒေသအရောက် အသိပညာပေးနိုင်ရေး ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းကို လည်း ထည့်သွင်းတင်ပြအပ်ပါတယ်။

၁၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ဆွေးနွေးချက်များမှာ ပါရှိတဲ့ ကျောက်တန်း သီလဝါရွာဟောင်းကကိစ္စနဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်သန္တာ ရဲ့ ဆွေးနွေးချက်အပေါ် ရှင်းလင်းတင်ပြစဉ်က အထက်မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

၁၆။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ရဲ့အကြံပြုချက်နဲ့ ပတ်သက်လို့ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ Ms. Yang Hee Lee ဟာ မြန်မာနိုင်ငံကို ၂၀၁၇ ခုနှစ်အတွင်း ဇန်နဝါရီလ ၁၃ ရက်နေ့မှာ တစ်ကြိမ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှာ တစ်ကြိမ် လာရောက်ခဲ့ပြီး ကျွန်တော် တို့ကော်မရှင်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံတဲ့နေရာမှာ Ms. Yang Hee Lee ကို လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးအတွက် ကျွန်တော်တို့ကော်မရှင်ရဲ့ ဆောင်ရွက်ချက်တွေ၊ ကော်မရှင်က အကျဉ်းထောင်နဲ့ အလုပ်စခန်းများသို့ သွားရောက်ပြီး စစ်ဆေးမှုအခြေအနေတွေ၊ ရခိုင် ပြည်နယ် ဘူးသီးတောင်၊ ကျောက်ဖြူနှင့် သံတွဲမြို့များမှာရှိတဲ့ အကျဉ်းထောင်များကို သွားရောက် ပြီး အကျဉ်းသားများရဲ့ လူ့အခွင့်အရေးအခြေအနေများကို စစ်ဆေးခဲ့ကြောင်းနဲ့ စစ်ဆေးတွေ့ရှိချက် များကို သူမ သိရှိနားလည်နိုင်ရန် ရှင်းလင်း ပြောကြားခဲ့ပါတယ်။ အဲဒီလို Ms. Yang Hee Lee နဲ့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေး ချက်များကို သက်ဆိုင်ရာ ဌာနထံသို့ ပေးပို့ခဲ့ပါတယ်။

၁၇။ ဦးကျော်နိုင်ရဲ့ဆွေးနွေးချက်မှာ ပါရှိတဲ့ Amnesty International အဖွဲ့ရဲ့ တိုင်တန်းချက် ၃၅ စောင်ဟာ အကျဉ်းထောင်အတွင်း ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရတဲ့ ဘင်္ဂါလီများနဲ့ ပတ်သက်တဲ့ တိုင်တန်းချက်များဖြစ်ပါတယ်။ ယင်း တိုင်တန်းချက်များနဲ့ ပတ်သက်လို့ ပြည်ထဲရေးဝန်ကြီးဌာနကို ပေးပို့ခဲ့ရာမှာ ဝန်ကြီးဌာနအနေနဲ့ သာမန်ပြန်ကြားမှု ရိုးရိုးသာပြုလုပ်ခဲ့ခြင်းမဟုတ်ဘဲ အဆင့်မြင့် အရာရှိတစ်ဦး ဦးဆောင်တဲ့အဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျစစ်ဆေးခဲ့ကြောင်းနဲ့ စစ်ဆေးတွေ့ရှိချက် များကို ကော်မရှင်ထံပြန်ကြားခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကော်မရှင်အနေနဲ့ ဝန်ကြီးဌာနရဲ့ ပြန်ကြား ချက်ဟာ ဥပဒေနဲ့အညီ စနစ်တကျ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်းပေါ်လွင်စေရန် Amnesty International အဖွဲ့ထံ ပြန်ကြားအသိပေးခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၁၈။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ဆွေးနွေးချက်များအရ လူ့အခွင့်အရေး အသိ ပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ဖို့နဲ့ နှစ်စဉ် ပြည်နယ်နဲ့ တိုင်းဒေသကြီး စုံလင်အောင် ကွင်းဆင်းဆောင်ရွက်ပေးဖို့ အကြံပြုချက်နဲ့ပတ်သက်ပြီး ယခု ၂၀၁၈ ခုနှစ်ထဲမှာ ကချင်ပြည်နယ်မှာ ၄ မြို့၊ ရှမ်းပြည်နယ်မှာ ၄ မြို့၊ မွန်ပြည်နယ်မှာ ၄ မြို့၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၄ မြို့၊ မန္တလေးတိုင်းဒေသကြီးမှာ မေမြို့ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး စသည်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဖြစ်တဲ့အပြင် ရှေ့ဆက်ပြီးတော့လည်း တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးများကိုလည်း ဆက်လက်ကွင်းဆင်း ဟောပြောဆွေးနွေး ပို့ချမဲ့အစီအစဉ်များ ရေးဆွဲချမှတ်ပြီး ဖြစ်ပါတယ်။

၁၉။ ရဲတပ်ဖွဲ့ဝင်များရဲ့ အချုပ်သားများကို ညှဉ်းပန်းနှိပ်စက်မှု၊ အကျဉ်းထောင် ဝန်ထမ်းများရဲ့ အကျဉ်းသားများအပေါ် ညှဉ်းပန်းနှိပ်စက်မှု၊ အလုပ်ရှင်နဲ့ အလုပ်သမားများကိစ္စ၊ အိမ်ရှင်က အိမ်ဖော်များကို ညှဉ်းပန်းနှိပ်စက်တဲ့ကိစ္စ၊ ကလေး စောင့်ရှောက်ရေးဂေဟာက ကလေးငယ်များကို ရိုက်နှက်ဆုံးမတဲ့ ကိစ္စများနဲ့ ပတ်သက်ပြီး ဒီလိုလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ထုတ်တင်ပြ

ဖို့အတွက် လူတိုင်းမှာ တာဝန်ရှိတယ်ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး မိမိနဲ့ မဆိုင်သလို မနေကြဖို့၊ ပညာပေးဟောပြောတဲ့နေရာမှာ တိုက်တွန်းဟောပြော သင့်ကြောင်း ဆွေးနွေးချက်ဟာ အင်မတန်ကောင်းမွန်တဲ့ အကြံပြုချက်ဖြစ်တဲ့ အတွက် ကျွန်တော်တို့ ကော်မရှင်အနေနဲ့ တင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အလွန်ကျေးဇူးတင်ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းရဲ့ဆွေးနွေးချက်များမှာ ကော်မရှင်ရဲ့ အစီရင်ခံစာအပေါ် ထောက်ခံဆွေးနွေးမှုများနဲ့ အလွန်တန်ဖိုးရှိတဲ့ အကြံပြုချက်များကို တွေ့ရှိရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနဲ့ ကိုယ်စားလှယ်ကြီးရဲ့ အကြံပြုချက်များကို ၂၀၁၈ ခုနှစ်အတွင်း အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၂၁။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်ရဲ့ ဆွေးနွေးချက်မှာပါရှိတဲ့ ကော်မရှင်ရဲ့ အကြံပြုစာတွေအပေါ် ဝန်ကြီးဌာနများက ပြန်ကြားမှုနဲ့ ပတ်သက်ပြီး ၂၀၁၇ ခုနှစ်အစီရင်ခံစာမှာ ပြန်ကြားဖို့ကျန်ရှိနေတဲ့ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများအနက် အချို့က ၂၀၁၈ ခုနှစ်အတွင်းမှာ ပြန်ကြားလာကြတာကို တွေ့ရှိရပါတယ်။ ပြန်ကြားမှု နှောင့်နှေးနေတဲ့ ဌာနများနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ကော်မရှင်က အချိန်ကာလတစ်ခုစောင့်ပြီး ထပ်မံနှိုးဆော်မေတ္တာရပ်ခံစာများပေးပို့ခြင်း၊ အချို့ကိစ္စရပ်များကို မီဒီယာကတစ်ဆင့်နှိုးဆော်ခြင်း၊ အချို့အရေးကြီးကိစ္စရပ်များနဲ့ပတ်သက်ပြီး လိုအပ်လာတဲ့အချိန်မှာ နိုင်ငံတော်သမ္မတရုံးကိုတင်ပြပြီးဖြေရှင်းဆောင်ရွက်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

၂၂။ ပြည်တွင်းပြည်ပ NGOs တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စနဲ့ပတ်သက်ပြီး အထက်က လွှတ်တော်ကိုယ်စားလှယ်ကြီး အချို့ရဲ့ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းစဉ်က ပါဝင်သွားပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကော်မရှင်ရဲ့ ဘဏ္ဍာငွေပိုလျှံလို့ ပြန်အပ်လိုက်ရတဲ့ ကိစ္စနဲ့ပတ်သက်လို့ ဖော်ပြပါကာလ အတွင်းမှာ ကော်မရှင်အဖွဲ့ဝင် ၄ ဦး ဆန္ဒအလျောက် နုတ်ထွက်သွားတဲ့အတွက် ၎င်းတို့ရဲ့ချီးမြှင့်ငွေနဲ့ စရိတ်များ ပိုလျှံခဲ့တဲ့အတွက်ကြောင့် ဖြစ်တဲ့အပြင် ဒေသတွင်းလူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Asia Pacific Forum သို့ထည့်ဝင်ပေးသွင်းရမယ့် နှစ်စဉ်ကြေးအချိန်ကာလကို နောက်ဆုတ်ပြီးပြောင်းလဲ သတ်မှတ်လိုက်တဲ့အတွက်ပိုလျှံခဲ့ခြင်းသာဖြစ်ပါတယ်။ ကော်မရှင်အနေနဲ့ရရှိတဲ့ဘဏ္ဍာရန်ပုံငွေများကို စနစ်တကျ သုံးစွဲခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

၂၃။ ဒေါ်ရွှေရွှေစိန်လတ်ရဲ့အကြံပြုချက်ထဲမှာ ကော်မရှင်ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်တဲ့ လုပ်ငန်းတွေထဲမှာ ထူးထူးခြားခြားအောင်မြင်တဲ့ ကိစ္စမျိုးတွေနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ခဲ့တယ်၊ ဘယ်လိုအောင်မြင်မှုမျိုးရခဲ့တယ် ဆိုတာကို ကျွန်တော်တို့ရဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာ တစ်မျက်နှာလောက် အနှစ်ချုပ်လေးဖော်ပြပေးစေလိုတယ် ဆိုတဲ့အကြံပြုချက်ဟာ ကျွန်တော်တို့ အတွက် အင်မတန် တန်ဖိုးရှိတဲ့ အကြံပြုချက်ဖြစ်တဲ့အတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း၊ လာမယ့် အစီရင်ခံစာများမှာ ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ် ပါကြောင်း တင်ပြအပ်ပါတယ်။

၂၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့ဆွေးနွေးချက်နဲ့ ပတ်သက်လို့ လူ့အခွင့်အရေးဆိုင်ရာသင်တန်းများပို့ချတဲ့အခါမှာ ပို့ချဖို့ရရှိတဲ့ အချိန်နှင့် တက်ရောက်လာတဲ့ သင်တန်းသားပေါ်မူတည်ပြီး ဘာသာရပ်များ ကိုရွေးချယ်ပြီး ဆွေးနွေးပို့ချလေ့ရှိပါတယ်။ ပို့ချမှုဘာသာရပ်များကတော့ အဓိကအားဖြင့် လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ CEDAW, CRC, CRPD, ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့ တာဝန်များနဲ့ လူ့အခွင့်အရေးကော်မရှင်အကြောင်းစတဲ့ ဘာသာရပ်များကို ပို့ချလေ့ရှိပါတယ်။ သင်တန်း အကျိုးသက်ရောက်မှုနှင့် ရလဒ်များကို ကော်မရှင်အစီရင်ခံစာ စာမျက်နှာ ၆၃၊ ၆၄ တို့မှာ ဖော်ပြထားပါကြောင်း တင်ပြအပ်ပါတယ်။

၂၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး သန်လျင်သင်တန်းကျောင်းမှာ ထိန်းသိမ်းထားတဲ့ ကလေးသူငယ်များနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ မေလ ၉ ရက်နေ့က ကော်မရှင်ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဟာ သွားရောက်စစ်ဆေးပြီး တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ပေးပို့ခြင်း၊ အများပြည်သူသိရှိနိုင်ရေး အတွက် သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်းတင်ပြလိုပါတယ်။ ဒါ့အပြင် ကော်မရှင်ဒုတိယ ဥက္ကဋ္ဌ ဦးစီးတဲ့အဖွဲ့ဟာ မေလ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ကို သွားရောက်ပြီး ခရိုင်အဆင့်အစိုးရဝန်ထမ်းများအတွက် အလုပ်ရုံဆွေးနွေးပွဲ၊ Township Child Rights Committee အဖွဲ့ဝင်များအတွက် အလုပ်ရုံဆွေးနွေးပွဲနဲ့ ရပ်ကျေးအဆင့် CSOs များအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်လျှက်ရှိပြီး လူ့အခွင့်အရေး ဘာသာရပ်များကို ဆွေးနွေးပြောကြားရာမှာ ကလေးသူငယ်အခွင့်အရေးဘာသာရပ်ကိုလည်း အထူးအလေးပေးဆွေးနွေးသွားမှာဖြစ်ကြောင်း အလျဉ်းသင့်လို့ ဖော်ပြအပ်ပါတယ်။ ဒီလုပ်ဆောင်ချက်များကို ၂၀၁၈ ခုနှစ် အစီရင်ခံစာမှာ ပြည့်ပြည့်စုံစုံ ထည့်သွင်း ဖော်ပြသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးရဲ့ ဆွေးနွေးချက်မှာပါရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို လူ့အခွင့်အရေးဆိုင်ရာ ရှင်းလင်းဟောပြောပွဲ များ ပြုလုပ်ပေးရေးနဲ့ပတ်သက်ပြီး ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းမှာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ တစ်ခုဖြစ်တဲ့ ဟိုပုန်းမြို့ကို သွားရောက်ဟောပြောပို့ချခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

၂၇။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်ရဲ့ ဆွေးနွေးပြောကြားချက်များမှာပါရှိတဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ကိစ္စရပ်များနဲ့ပတ်သက်ပြီး အဖြစ်မှန်တွေကို နိုင်ငံတကာက သိရှိစေ နိုင်ဖို့အတွက် ကျွန်တော်တို့ကော်မရှင်အနေနဲ့ မိမိတို့နိုင်ငံအပေါ် စာနာ နားလည်ထောက်ခံနိုင်မယ့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ပြန်လည်တုံ့ပြန်သင့်ကြောင်း ဆွေးနွေးပြောကြားချက်ကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်တို့ ကော်မရှင်ဟာ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF)၊ ဒေသအဆင့် လူ့အခွင့် အရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) နဲ့ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ အမျိုးသား လူ့အခွင့်

အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRI) တို့မှာ အဖွဲ့ဝင်အဖြစ်ပါဝင်လျက် ရှိပြီး ဒေသတွင်းနဲ့ နိုင်ငံတကာနယ်ပယ်မှာ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများမှာ တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိပါတယ်။ ကော်မရှင်အနေနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ကိစ္စရပ်များနဲ့ ပတ်သက်ပြီးအထက်မှာတင်ပြခဲ့တဲ့ အဖွဲ့အစည်းများမှာပြုလုပ်တဲ့ ဆွေးနွေး ပွဲများကို တက်ရောက်ပြီး လိုအပ်သလို ရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့တဲ့အပြင် နိုင်ငံအပေါ် ဝေဖန်ထိုးနှက်တဲ့ ဆုံးဖြတ်ချက်များ မချမှတ်နိုင်စေရေးအတွက် လှုပ်ရှားဆောင်ရွက်ခြင်း၊ ရှင်းလင်း ဆွေးနွေး ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

၂၈။ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (ဆ) ပါပြဋ္ဌာန်းချက်ဖြစ်တဲ့ ကမ္ဘာ့နိုင်ငံအားလုံးရဲ့ လူ့အခွင့်အရေး အခြေအနေပုံမှန်သုံးသပ်တဲ့လုပ်ငန်းစဉ် (Universal Periodic Review-UPR) ဘောင်အတွင်းက ပါဝင်ဆောင်ရွက်ဖို့ဆိုတဲ့ အကြံပြုချက်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်တဲ့ လုပ်ငန်းစဉ် UPR ကို ဒုတိယအကျော့သုံးသပ်မှုခံယူစဉ်က နိုင်ငံတော်အစိုးရရဲ့ အမျိုးသားအဆင့် အစီရင်ခံစာ ရေးသားတဲ့ ကော်မတီအဆင့်ဆင့်မှာ လွတ်လပ်မှု အပေါ်အခြေခံပြီး အကြံပေးခဲ့ပါတယ်။ ကော်မရှင်ရဲ့သီးခြားအစီရင်ခံစာကိုလည်း ကုလသမဂ္ဂသို့ တင်သွင်းခဲ့ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းများနဲ့တွေ့ဆုံပြီး သူတို့ရဲ့အကြံပြုချက်များကို အစိုးရသို့ တင်ပြပေးခြင်း စတဲ့ လုပ်ငန်းများကို သတ်မှတ်ချက်များနဲ့အညီ ပြည့်ပြည့်စုံစုံဆောင်ရွက်ခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။

၂၉။ ကသာအကျဉ်းထောင်ကျဉ်းကြပ်နေတဲ့အတွက် နောက်ထပ်အကျဉ်းထောင်တစ်ခု ဆောက်လုပ် ပေးရေး အကြံပြုချက်နှင့်ပတ်သက်လို့ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၃၀။ ယခုလို ကျွန်တော်တို့ကော်မရှင်ရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ စိတ်ပါဝင်စားစွာ အချိန်ယူဖတ်ရှုလေ့လာပြီး ဆွေးနွေးအကြံပြုခဲ့ ကြတဲ့ အတွက် ပြည်ထောင်စုလွှတ်တော် နာယကကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

***********************